# ရာထူးတိုးမြှင့်ရေးဆိုင်ရာအဆိုပြုတင်ပြလာမှုများအပေါ် စိစစ်သဘောတူညီချက်ပြန်ကြားဆောင်ရွက်ခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ (၂၂) မှ (၂၈) ထိ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ၁၄(ဂ) ၊ ၃၄(ဂ)၊ ၃၇ နှင့် ၄၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ ဌာနတွင်းအမှုထမ်း (လစာနှုန်း၊ ၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀) အဆင့် နှင့် ( လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ )အဆင့်များအား ပြန်တမ်းဝင်အရာရှိ( လစာနှုန်း၊ ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀ )အဆင့် လစ်လပ်ရာထူးနေရာများ၌ ရာထူးတိုးမြှင့်ခန့်ထားနိုင်ရေးအတွက် ပေးပို့လာသည့် အဆိုပြုချက်များကို စနစ်တကျစိစစ်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့အစည်းအဝေးများတွင်တင်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများထံသို့ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ပြန်ကြားပေးခဲ့ပါသည်။

၂။ ၁၄-၁၂-၂၀၂၂ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၄၈/၂၀၂၂)၌ အောက်ဖော်ပြပါ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း(၈)ခုမှ ပေးပို့လာသော ရာထူးတိုးမြှင့်ရေးအဆိုပြုချက် (၁၂)ခုပါ သတ်မှတ်လုပ်သက်ပြည့်မီသည့် ဝန်ထမ်း(၁၇၉)ဦး နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၄၈ အရ ဝန်ထမ်း(၁)ဦး၊ စုစုပေါင်းဝန်ထမ်း(၁၈၀)ဦးတို့အား တိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့ပါသည် -

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်း ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့် ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၁။ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်<br>- ပြည်ထောင်စုတရားသူကြီးချုပ်ရုံး | (၃၂)ဦး | ၂၂-၁၁-၂၀၂၂ | ၂၄-၁၁-၂၀၂၂ | ၂-၁၂-၂၀၂၂ | ၁၄-၁၂-၂၀၂၂<br>(၄၈/၂၀၂၂) |

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်း ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့် ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၂။ | နယ်စပ်ရေးရာဝန်ကြီးဌာန<br>- ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန | (၂)ဦး | ၂၆-၁၀-၂၀၂၂ | ၁၈-၁၁-၂၀၂၂ | ၂၅-၁၁-၂၀၂၂ | ၁၄-၁၂-၂၀၂၂<br>(၄၈/၂၀၂၂) |
| ၃။ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန<br>- မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | (၇၀)ဦး | ၁၈-၂-၂၀၂၂ | ၁၆-၁၁-၂၀၂၂ | ၂၉-၁၁-၂၀၂၂ | ၁၄-၁၂-၂၀၂၂<br>(၄၈/၂၀၂၂) |
| ၄။ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန<br>- သစ်တောဦးစီးဌာန | (၄၃)ဦး | ၁၈-၁၁-၂၀၂၂ | ၂၅-၁၁-၂၀၂၂ | ၂၉-၁၁-၂၀၂၂/<br>၃၀-၁၁-၂၀၂၂ | ၁၄-၁၂-၂၀၂၂<br>(၄၈/၂၀၂၂) |
| ၅။ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန<br>- လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း | (၁၇)ဦး | ၄-၁၁-၂၀၂၂ | ၂၅-၁၁-၂၀၂၂ | ၂၉-၁၁-၂၀၂၂ | ၁၄-၁၂-၂၀၂၂<br>(၄၈/၂၀၂၂) |

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်း ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့် ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၆။ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန<br>- အားကစားနှင့်ကာယပညာဦးစီးဌာန(ရုံးချုပ်/ ခရိုင်/ မြို့နယ်) | (၁)ဦး<br>(နည်းဥပဒေ ၄၈)<br>(အထူး) | ၄-၁၀-၂၀၂၂ | ၂၁-၁၁-၂၀၂၂ | ၁-၁၂-၂၀၂၂ | ၁၄-၁၂-၂၀၂၂<br>(၄၈/၂၀၂၂) |
| ၇။ | မွန်ပြည်နယ်အစိုးရအဖွဲ့<br>- သယံဇာတရေးရာဝန်ကြီးဌာန၊ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ကွပ်ကဲမှုအောက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့များ | (၆)ဦး | ၁၄-၁၀-၂၀၂၂ | ၂၅-၁၀-၂၀၂၂ | ၁-၁၂-၂၀၂၂ | ၁၄-၁၂-၂၀၂၂<br>(၄၈/၂၀၂၂) |
| ၈။ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့<br>- မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | (၉)ဦး | ၂၅-၁၀-၂၀၂၂ | ၂၂-၁၁-၂၀၂၂ | ၂၂-၁၁-၂၀၂၂ | ၁၄-၁၂-၂၀၂၂<br>(၄၈/၂၀၂၂) |